# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Dessallien ၏ မြန်မာနိုင်ငံ ရေဘေးနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

(ရန်ကုန်၊ ၁၂ ရက်၊ ဩဂုတ်လ ၂၀၁၅ ခုနှစ်) ကျွန်မသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ်တွင် ရေဘေးကြောင့်ထိခိုက်ခံစားခဲ့ရသော ပြည်သူများကို တွေ့ဆုံလျက်၊ ဆောင်ရွက်နေသော ကယ်ဆယ်ရေး လုပ်ငန်းများလေ့လာရာမှ ယနေ့ပြန်လည်ရောက်ရှိ ပါသည်။ ခရီးစဉ်တွင် ကျွန်မနှင့်အတူ အစိုးရအရာရှိများ၊ သံအမတ်များ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များလည်း လိုက်ပါခဲ့ကြသည်။ ပျက်စီးဆုံးရှုံးမှုများစွာကို ကြုံတွေ့ ခဲ့ရသည့် ဒေသခံများ၏အကြောင်းကို ကြားခဲ့ရပြီး၊ ကြီးမားသည့် အပျက်အစီးများကို မြင်တွေ့ခဲ့ရသည့် အတွက်လည်း ကျွန်ုပ်အနေဖြင့် များစွာစိတ်ထိခိုက်မိပါသည်။ ရေများပြန်ကျသွားချိန်တွင် ရပ်ရွာများမှာ ရွှံ့များ၊ အပျက်အစီး များစွာဖြင့် ကျန်ခဲ့သည်။ စိုက်ပျိုးသီးနှံများစွာပျက်စီးခဲ့ပြီး၊ အိမ်များပြိုကျပျက်စီး၍၊ မွေးမြူထားသည့် ကျွဲ၊နွား တိရစ္ဆာန်များ သေဆုံးခဲ့ကာ၊ ပိုင်ဆိုင်မှုများမှာလည်း ရေနှင့်အတူ မျောပါဆုံးရှုံး ခဲ့ကြရသည်။

မြန်မာနိုင်ငံရှိ ပြည်သူများမှာ ကမ္ဘာပေါ်တွင် စေတနာသဒ္ဓါတရား အထက်သန်ဆုံးသောသူများတွင် ပါဝင်ပြီး၊ ရေဘေးသင့်သူများအတွက် ပြည်သူများမှ တစ်ညီတစ်ညွတ်တည်း စိတ်အား ထက်သန်စွာ လှူဒါန်းမှု၊ ပူးပေါင်းပါဝင်မှုများ အတွက်လည်း အထူးပင် ကျိုးနွံစွာ ခံစားရပါကြောင်း ပြောကြားလိုပါသည်။ စေတနာ့ဝန်ထမ်းများ၊ ဒေသတွင်း အဖွဲ့အစည်း များမှ ဝန်ထမ်းများ၊ အာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အစိုးရ မဟုတ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် သာမန်လူပုဂ္ဂိုလ်များ စသည့် အင်အားစုအားလုံးသည် စာနာကရုဏာထားမှု၊ စေတနာသဒ္ဓါတရားအပြည့်နှင့် ရဲရဲရင့်ရင့်၊ အင်တိုက် အားတိုက် အစွမ်းကုန် ကူညီဆောင်ရွက်ခြင်းဖြင့် မြန်မာတို့၏ စိတ်ဓာတ်ကို ပြသလျက် ရှိပါသည်။

ကျွန်ုပ်အနေဖြင့် ၄င်းနေထိုင်ရာဒေသမှ ရေဘေးသင့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် ကူညီပေးရင်း ဝမ်းနည်းဖွယ်ကောင်းစွာဖြင့်အသက်ဆုံးရှုံးခဲ့ရသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာ့ဝန်ထမ်း ကိုကျော်ကျော်လင်း၏ မိသားစုအတွက်  အလွန်ပင် စာနာဝမ်းနည်းကြောင်း ပြောကြား လိုပါသည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ဒေသခံပြည်သူများကို ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကနဦး အရေးပေါ် လိုအပ်ချက်များ ကိုတုန့်ပြန်ဆောင်ရွက်ခြင်းအပြင်၊ အလှူရှင်နိုင်ငံများနှင့် စေတနာရှင်များကိုလည်း ပါဝင်လာစေရန် စွမ်းဆောင်ခြင်းဖြင့် ရေဘေးတုန့်ပြန်ကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ကျေစွာ ဦးစီး ဆောင်ရွက်လျက်ရှိသည်။

အသက်ကယ်ဆယ်ရေး အထောက်အပံ့များ အလျင်အမြန်ပေးအပ်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေများ ပံ့ပိုးခဲ့ပြီး၊ ရေရှည်တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လုပ်ဆောင်နိုင်ရန်အတွက်လည်း ဆက်လက်ပံပိုးသွားမည်ဟု ကတိပြုထားသည့် နိုင်ငံတကာ အသိုင်းအဝိုင်း၊ အဓိကအားဖြင့် ဒေသတွင်းရှိနိုင်ငံများနှင့် မြန်မာနိုင်ငံကို အစဉ်အမြဲ ပံပိုးပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများကိုလည်း ကျွန်ုပ်အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါသည်။

ရေဘေးစတင်သည့်အချိန်မှစ၍ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် ရေဘေးတကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် လက်ရှိအချိန်တွင် ကုလသမဂ္ဂအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်း ကိုပံ့ပိုးပေးထားခဲ့ပြီး၊ ၄င်းမှာ ယနေ့အချိန်ထိ ရရှိထားသည့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ၏ ထက်ဝက်နှင့် ညီမျှပါသည်။

ယနေ့အချိန်အထိ ကျွန်ုပ်တို့ ပူပေါင်းဆောင်ရွက်လျက်ရှိသည့် တုန့်ပြန်ကယ်ဆယ်ရေး လုပ်ငန်းများမှာ ရေဘေးသင့်ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့သော် မိုးရာသီမှာ ကုန်ဆုံးမှုမရှိသေးပဲ၊ ထပ်မံ၍လည်း မိုးများရွာနိုင်သည်ဟု ခန့်မှန်းချက်များကြောင့် ကျွန်ုပ်တို့အနေဖြင့် အထူးပင် စိုးရိမ်ပူပန်မိပါသည်။ ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း၊ ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသူများ လျှင်မြန်စွာ ပြန်လည် ထူထောင်နိုင်ရေးကို ဆောင်ရွက်ပေးသွား နိုင်ရန်အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက် အားထုတ်လုပ်ဆောင်သွားကြရပါမည်။

အစိုးရနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ နောက်ဆုံး ထုတ်ပြန်သည့် ရေဘေးအခြေအနေဆိုင်ရာ အစီရင်ခံစာများကို ရယူရန် http://bit.ly/1MjC7vU

ပိုမို သိရှိလိုပါက ဆက်သွယ်ရန်
ဖျဲပယ်ရွန် ၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ၊ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၊
အီးမေးလ် - peronp@un.org၊ ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇။
ဦးအေးဝင်း၊ ဒေသခံပြန်ကြားရေးအရာရှိ၊ ကုလသမဂ္ဂပြန်ကြားရေးဌာန၊
အီးမေးလ် - wina@un.org၊ ဖုန်း - (+၉၅) ၉ ၄၂၁ ၀၆၀ ၃၄၃။